**၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/၈၉)**

၁၃၅၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

(၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (က) တွင် ပါရှိသော "သားအိမ်ရောဂါကုသည့် အတတ်" ဆိုသည့် စကားရပ်ကို "မီးယပ်ရောဂါကုသသည့်အတတ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (၃)တွင် ပါရှိသော "ကောင်စီလူကြီး ၁၅ ဦး"ဆိုသည့် စကားရပ်ကို "ကောင်စီလူကြီး ၁၁ ဦး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(၃) ပုဒ်မခွဲငယ်(ခ) တွင်ပါရှိသော "ကောင်စီလူကြီး ၄ ဦး"ဆိုသည့် စကားရပ်ကို "ကောင်စီလူကြီး ၅ ဦး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(၃) ပုဒ်မခွဲငယ်(ဃ) တွင်ပါရှိသော "ကောင်စီလူကြီး ဆယ်ဦး" ဆိုသည့် စကားရပ်ကို "ကောင်စီလူကြီး ၅ ဦး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၄။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (၂)တွင် ပါရှိသော "ရာထူးသက်တမ်းစေ့ကုန်သောအခါ ပြန်လည်ခန့်ထားနိုင်ခွင့်ရှိရမည်။" ဆိုသည့် စကားရပ်ကို "ရာထူးသက်တမ်းတစ်ဆက်တည်း ၃ ကြိမ်အထိသာ ရွေးချယ်ခန့်ထား ခံနိုင်ခွင့်ရှိသည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၂၅၊ ခွင်းချက်တွင် ပါရှိသော "မှတ်ပုံတင်အရာရှိက" ဆိုသည့် စကားရပ်ကို "ကောင်စီဥက္ကဋ္ဌက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေ၏ ဇယားအပိုဒ် ၁ တွင် ပါရှိသော "တက္ကသိုလ်မှ" ဆိုသည့် စကားရပ်ကို "ဆေးတက္ကသိုလ်တစ်ခုခုမှ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။